mgyoe.com

# မောင်ထင်

## ဝတ္ထုတို ၅ ပုဒ်



mgyoe.com

mgyoe.com

mgyoe.com

ဝတ္ထုတို ၅ ပုဒ်၊ မောင်ထင်
မျက်နှာဖုံးပန်းချီ - တော်တီဆွေ
အတွင်းသရုပ်ဖော် - ကိုကိုနိုင်
စာမျက်နှာ ၁၀၃ မျက်နှာ၊ ၁၂.၈ စင်တီ× ၁၈.၅ စင်တီ

ထုတ်ဝေသူ - ဦးစန်းညို၊ စိတ်ကူးချိုချိုစာပေ(၀၀၅၃၈)၊ ၈၅၊ ၁၆၄လမ်း၊ တာမွေ၊ ရန်ကုန်။
ပုံနှိပ်သူ - ဒေါ်ဝင်းမာ၊ စိတ်ကူးချိုချိုပုံနှိပ်တိုက်(၀၀၄၁၂)၊ ၁၁၇၉၊ မစိုးရိမ်လမ်း၊ ရန်ကင်း။
၂၀၁၇၊ အောက်တိုဘာလ၊ ပထမအကြိမ်၊ အုပ်ရေ ၅၀၀၊

ရောင်းဈေး ၁၀၀၀ ကျပ်

*email: skccph@gmail.com ; P.O.Box: 705*
*www.facebook.com/SKCCmyanmarbook*
*www.skccmyanmarbook.com*

mgyoe.com

mgyoe.com

စိတ်ကူးချိုချိုစာအုပ်

# ဝတ္ထုတို ၅ ပုဒ်

မောင်ထင်

မြန်မာဝတ္ထုတိုရာပြည့် (၁၉၁၇-၂၀၁၇) အမှတ်တရ

ပထမအကြိမ်၊ ၂၀၁၇

mgyoe.com

mgyoe.com
mgyoe.com

mgyoe.com

# မာတိကာ


| | | |
|---|---|---|
| ၁။ | ကောက်ညှင်းကျည်တောက် | ၁ |
| ၂။ | ဝတ္ထုရေးနည်း နိသျှည်း | ၂၀ |
| ၃။ | စိန်ခြူးကြာညောင် | ၃၇ |
| ၄။ | ရွေးကောက်ပွဲ ဒဏ္ဍာရီ | ၅၈ |
| ၅။ | ရှည်ရှည်တိုတို | ၈၉ |


❑

mgyoe.com

mgyoe.com
mgyoe.com

mgyoe.com






mgyoe.com

 mgyoe.com 

# ကောက်ညှင်းကျည်တောက်

စာသင် ဦးလူကလေးသည် မူအားဖြင့် ကန့်ကွက်လို၏။ ဘုရားပွဲအတွက် ပွဲမိန့်ကို နည်းနည်းမျှ မထောက်ခံလို။

သို့သော် ဤကိစ္စမှာ ဦးလူကလေးအတွက် အတော်ခွကျသည်။ အတော်အစဉ်းစားရကျပ်သည်။

ဦးလူကလေးသည် အင်္ဂလိပ် အရှင်သခင် အစိုးရမင်းတို့၏ လက်အောက်၌ ပုလိပ်အမှုထမ်းအဖြစ်နှင့်အမှုထမ်းလာခဲ့သည်မှာ ရွာခံတစ်ဦးအနေနှင့် အမှုထမ်းလာခြင်း ဖြစ်သည်။ ဤရွာတွင် သူသည် ရွာ့မိ၊ ရွာ့ဖ ဖြစ်နေသည်။ တစ်ရွာလုံး၌ သူနှင့် ဆွေရိပ်မျိုးရိပ် မကင်းသူချည်းသာ ဖြစ်၏။ ရွာသူကြီးမှာ စာသင်ကတော်ကြီး၏ ဘက်ကနေ၍ ကြည့်လျှင် စာသင်ကတော်ကြီး၏ မောင်နှစ်ဝမ်းကွဲ တော်စပ်သည်။ ဘုရားလူကြီးများမှာကား ငယ်စဉ်ကပင် ကံ့ကော် ကျောင်းဆရာတော်ဘုရားကြီး၏လက်အောက်၌ အတူတူ ဒိုးထိုးဖက်ဖြစ်သည်။ တစ်ဦး

mgyoe.com

mgyoe.com


သော ဘုရားလူကြီးမှာ ယောက်ဖပင် တော်သည်။ တခြားတစ်ဦးမှာ အမေ့မောင် အရင်းခေါက်ခေါက်၏သား ဖြစ်သည်။ ကျန်တစ်ဦးမှာ အဖေ့ဘက်က စပ်၍ တော်ရသော ဘထွေး ဖြစ်သည်။

ဆွေရိပ်မျိုးရိပ်မကင်းသူတို့က စု၍လုပ်သော ထိုညောင်ပင်သာရွာ ဘုရားပွဲကို စာသင် ဦးလူကလေးကမှ မထောက်ခံလျှင် ဆွေမျိုးအများစုက ဝိုင်း၍ ကျိန်ဆဲသည်နှင့်ပင် အလုပ်ပြုတ်စရာ အကြောင်းရှိသည်။

သို့ရာတွင် ဦးလူကလေးသည် အလုပ်ပြုတ်မည်ကို ဤမျှလောက် မစိုးရိမ်။ ဘုရားပွဲကျင်းပသည့်အခါတိုင်းတွင် ညောင်ပင်သာရွာရှိ လောကမာရဇိန်ဘုရား ရင်ပြင်တော်ဝယ် ရပ်ရွာရှိ သပ္ပုရိသအပေါင်းတို့က အရဏ်ဆွမ်းကပ်သည့်အခါ သူငယ်ချင်းဖြစ်သူ ဦးဖိုးပန်း၏ ကြေးနောင်ဝိုင်းမှ "ဖိုးခေါင်၊ ကြွေးကြော်၊ ဟိုတောင်ညိုပေါ်က၊ နေပြည်တော် မျှော်လိုက်စမ်းပ၊ လမ်းဘယ်မမြင်။ အိုလေလေ့... မောင်မောင်ရ မျှော်ကိုးယောင်မိသေး..." ဟူသော တေးသွားကို အရဏ်တက်၌ မကြားလိုက်ရမည်ကို စိုးသည်။ ထို့ထက်ကား ဆွမ်းတော်ကြီးကပ်ပွဲကို တစ်ညကြိုတင် ပြင်ဆင်ကြရာ၌ ဦးလူကလေးကိုယ်တိုင် ဆဒ္ဒန်ဆင်မင်း ပရိတ်မွှန်းကို မရွတ်လိုက်ရမည်ကို ပို၍ စိုးရိမ်မိသည်။

ဦးလူကလေးသည် အသက်ကြီးပြီ။ "မသကာ ဆက်လက်ပြီး အမှုထမ်းနိုင်ရင် လေးငါးနှစ်ပေါ့။ ဒါပြီးရင် ပင်စင်ယူရတော့မယ်" ဟူ၍ ဦးလူကလေးက ခဏခဏ ညည်းတွားဖူးသည်။ ပင်စင်ယူခါနီး၌ အာပတ်ဖြေဖို့ကိစ္စလည်း ရှိနေသည်။ အာပတ်ဖြေရန်မှာ လေးငါးနှစ် ဆက်တိုက်ဖြေရုံမျှနှင့် အနှစ်နှစ်ဆယ်၊ အစိတ်အတွင်းက ကျူးလွန်မိသော ဒုစရိုက်များ မပြေ့တပြေမျှသာ ရှိလိမ့်မည်။

ရွာသူရွာသားတို့မှာ အသိဉာဏ်ခေါင်းပါးသူများက ပို၍ များပြား

mgyoe.com

mgyoe.com


သည်။ ညောင်ပင်သာမှာ မြို့နယ်ရုံးစိုက်ရာ ဌာနနှင့် ရေလမ်းအားဖြင့် မိုင်ပေါင်းကိုးဆယ်မျှ ဝေးသည်။ သင်္ဘောနှင့် ခရီးသွားလျှင် တစ်နေ့ ကုန်မှသာ မြို့ကို ရောက်နိုင်သည်။ သင်္ဘောကလည်း တနင်္ဂနွေ တစ်ပတ်မှ သုံးကြိမ်သာ ခုတ်သည်။ ကျေးရွာ၌ လူသတ်မှုများ ဖြစ်ခဲ့လျှင် သေသူအလောင်းကို မြို့သို့ပို့ရသည့်အခါ လှေသမ္ဗန်နှင့် သုံးလေးည အိပ်သွားပါမှ မြို့ကို ရောက်နိုင်သည်။ ဤမျှအစွန်အဖျားကျသော ရွာတွင် အစိုးရ အထောက်အပံ့ခံ မြန်မာစာသင်ကျောင်းမျှပင် မရှိ။ ဤရွာရှိ မြေရှင်၊ လယ်သမား၊ သူကြီး၊ ဆယ်အိမ်ခေါင်း၊ မြေတိုင်း စာရေး၊ စာသင်၊ အမှုထမ်း စသည်တို့အားလုံးမှာ ကံ့ကော်ကျောင်း ဘုန်းတော်ကြီး၏တပည့်များသာ ဖြစ်ကြသည်။ ထို့ကြောင့် မင်းစိုး ရာဇာနှင့်ပတ်သက်သော လောကီရေးရာတို့တွင် ဘာဗဟုသုတမျှ မရှိကြ။ ရွာ၌ အမှုအခင်းရှိလျှင် ရွာသူကြီးနှင့် စာသင်တို့ အသီးသီး ဆိုင်ရာဆိုင်ရာ ညွှန်ကြားချက်များအတိုင်း လိုက်နာကြရသည်။

ထို့ကြောင့် ဤရွာတွင် အလုပ်လုပ်ရသည်မှာ ဦးလူကလေး အတွက် လာဘ်လာဘ ရွှင်လှသည်။ ခိုးမှု ဟူ၍ မရှိ။ လုယက်မှုကို တစ်နှစ်တစ်ခါလောက်တော့ ကြားဖူးသည်။ ဓားပြမှု၊ လူသတ်မှုတို့ကို နှစ်နှစ်ကြာမှ တစ်ခါဆိုသလို ဦးလူကလေးသည် စုံစမ်းစစ်ဆေးရသည်။ ရပ်ရွာတွင် ဖြစ်သမျှမှာ ရိုက်မှု၊ ဓားထိုးမှု၊ လောင်းကစားမှုနှင့် အရက်ချက်မှုများသာ ဖြစ်သည်။

ယင်းသို့ အမှုများ ပေါ်ပေါက်လာလျှင် စာသင် ဦးလူကလေးက အိန္ဒိယ ရာဇသတ်ပုဒ်မ တစ်ပုဒ်မလျှင် အသပြာငွေ တစ်ကျပ်နှုန်းထားကာ လိုတိုး၊ ပိုလျှော့လုပ်ပေးတတ်သည်။ တစ်ခါတစ်ရံ ဘာမဟုတ်သော အမှုကလေးပင်လျှင် ပုဒ်မ ၅၀၀ ဖြစ်သွားတတ်သည်။ ထိုအခါ ဦးလူကလေးအား ငွေမျက်နှာဖြင့် ဖျောင်းဖျပြောဆိုနိုင်လျှင် ပုဒ်မ ၅၀၀

mgyoe.com

mgyoe.com


သည် တဖြည်းဖြည်း လျော့ဆင်းသွားကာ ၂၉၄ ၌ ထစ်၍ နေတတ်သည်။ တစ်ခါတစ်ရံ ဦးလူကလေး စိတ်ကွက်ခဲ့ပါလျှင် ၅၁၀ အထိ တက်သွားပြီးမှ ငွေမျက်နှာကြောင့် အတက်ရပ်လေတော့သည်။

သို့ပင်ဖြစ်သော်ငြားလည်း ဘုရားပွဲ၊ ဘုန်းကြီးပျံပွဲ၊ မယ်တော်ပျံပွဲ စသည့်ပွဲများ ကျင်းပသည့်အခါ လာဘ်ရွှင်သည်နှင့် ထုချေလွှာ အတောင်းခံရသည်က မမျှ ဖြစ်တတ်သည်။ အဘယ်ကြောင့်ဆိုသော် ထိုပွဲတော်များကျင်းပချိန်တွင် အဆိုပါ ရိုက်မှု၊ ဓားထိုးမှု၊ လောင်းကစားမှုနှင့် အရက်ချက်မှုတို့သည် ပို၍များလာတတ်သည်။ ရိုက်မှုတို့တွင် ဦးလူကလေးသည် ၃၂၃ လောက်ကို အတွက်ရှိသည်ဟု မထင်ချေ။

ပုလိပ်အရေးမပိုင်သည့် ကိစ္စ၌ ဖြစ်ချင်ရာဖြစ်စေ ဘာမျှ ကိစ္စမရှိ၊ သူကြီးက သူ့ဒဏ်စာရင်း စာအုပ်ထဲတွင် သူရေးချင်သော စီရင်ချက်နှင့် ပြစ်ဒဏ်ကို ရေးသွင်းစေဦးတော့ ဦးလူကလေး၏အပူ နှစ်ပြားသားမျှ မပါပါ။ သို့သော် ဘုရားပွဲတော်မျိုး၌ ဖြစ်ပွားတတ်သော ရန်ပွဲတို့တွင်ကား မန်ကျည်းနှစ်တုတ်၊ ထန်းနှစ်တုတ်၊ ပိတောက်သားတုတ်နှင့် ဝါးရင်းတုတ်များဖြစ်လေရာ မတော်တဆဆိုလျှင် သေလောက်သော လက်နက်များဖြစ်သောကြောင့် ပုဒ်မတို့သည် ၃၂၄ မှသည် ၃၂၅ ကို ကျော်လွန်၍ ၃၂၆ သို့ ရောက်လာသောအခါ ဦးလူကလေးမှာ အလုပ်လည်း များသည်၊ ထုချေလွှာလည်း အတောင်းခံရတတ်သည်။

အထက်ပါ အကြောင်းခြင်းရာတို့ကို သုံးသပ်ကြည့်ခြင်းအား ဖြင့် ဘုရားပွဲသည် စာသင် ဦးလူကလေးအဖို့ အမှုပွေရာရောက်အောင် ဖန်တီးတတ်သောသဘော ရှိခြင်းကြောင့် ဦးလူကလေးသည် မှုအား ဖြင့် ကန့်ကွက်သည်။ သို့သော် သူကြီးကတော်နှင့်တကွ ယောက်ဖဖြစ်သူ ဘုရားလူကြီးမင်း၏ ကျောင်းအမကပါ ဝိုင်းဝန်းပြစ်တင်ပြော

mgyoe.com

mgyoe.com


ဆိုလေသောအခါ စာသင် ဦးလူကလေးသည် ထိုသုံးတောင်ဝတ်တို့၏ အငြိုအငြင်ကို ခံယူနိုင်သောသတ္တိ မရှိဖြစ်ချေရကား ဘုရားပွဲမိန့်ကို ပေးလိုက်ရလေသည်။

ညောင်ပင်သာရွာ လောကမာရဇိန်ဘုရားမှာ ကိုးတောင်ပြည့် ဘုရား ဖြစ်သည်။ ရွာ၏မြောက်ဘက် ဇရပ်ကြီး၏အလွန်တွင် မြေရှင် ဦးသာဦး၏ လယ်ထိပ်၌ တည်ထားသည်။ မူလက ထိုနေရာတွင် အုတ်ခုံဆွေးဆွေးတစ်ခုံ ရှိသည်။ တစ်နေ့သောအခါ ဦးသာဦး၏ သူရင်းငှားတစ်ဦးက လယ်ထွန်ရင်း အုတ်ခုံနှင့် ဝင်၍ တိုးမိသည်။ အုတ်ခုံပဲ့ကျလာသောအခါ မြေအိုးတစ်ခုကို တွေ့ရသည်။ ထိုမြေအိုးမှာ ယခုခေတ်သုံး မြေအိုးမဟုတ်။ စလယ်ဝင်သာသာ မကျတကျ ဖြစ်သည်။ အိုးမှာသပိတ်ကဲ့သို့ မြေနက်စေးနှင့် ဖုတ်ထားဟန်တူသည်။ ၎င်းအိုးထဲတွင် ပြာလိုလို၊ မြေဆွေးလိုလို တွေ့ရသည်။ ၎င်းပြာနှင့် ရောလျက်နေသော အိမ်မြှောင်ဥ ပမာဏမှသည် ဆန်ကွဲပမာအထိရှိသော အစေ့ကလေးများကိုလည်း တွေ့ရသည်။

ဦးသာဦး၏ သူရင်းငှားက ၎င်းအစေ့ကလေးများကို ခြေမွကြည့်၏။ မကြေ။ ထို့ကြောင့် ထိုမြေအိုးကို ကံ့ကော်ကျောင်း ဘုန်းတော်ကြီးထံသို့ ယူ၍ ပြသည်။ ကံ့ကော်ကျောင်းဘုန်းတော်ကြီးက ၎င်းတို့သည် ဓာတ်တော်ဖြစ်သည်ဟု အဆုံးအဖြတ်ပေးသည်။

ဓာတ်တော်ဟူ၍ သိရသည့်နေ့ နောက်တစ်ညသို့ ကံ့ကော်ကျောင်းဘုန်းတော်ကြီး၏ ဂန္ဓကုဋိတိုက် အပေါ်တည့်တည့်ရှိ ပြာသာဒ်မှ ရောင်ခြည်တော်များ ကွန့်မြူးသည်။ ထိုညတွင် ရွာသူရွာသား အားလုံးတို့က သဒ္ဓါလှသဖြင့် လှူဒါန်းကြရာ ငွေပေါင်း '၃၆၅ ကျပ်၊ ၅ မူး၊ ၂ပြား' ရသည်ဟု ဘုန်းတော်ကြီး၏ စာရင်းအရ သိရသည်။

ထိုနေ့မှစ၍ ကိုးတောင်ပြည့်ဘုရားတည်ရန် လုပ်ငန်းကို ဘုန်း

mgyoe.com

mgyoe.com


တော်ကြီးကိုယ်တိုင် ဦးစီး၍ လုပ်ခဲ့ရာ ပန်းရန်ဆရာနှစ်ဦး ငွေလိမ်၍ ပြေးသောကြောင့် နှစ်ချင်းပေါက် ဘုရားတည်၍ မပြီးခဲ့ပေ။ သို့သော် တတိယ ပန်းရန်ဆရာကို ငှား၍ စာသင် ဦးလူကလေးကိုယ်တိုင် စောင့်ကြပ် ကြည့်ရှုခါမှပင်လျှင် ဘုရားတည်ခြင်းကိစ္စ ကောင်းစွာ အထမြောက်လေတော့သည်။

ကိုးတောင်ပြည့်ဘုရားရှင်ပေါ်တွင် ဤမျှ သံယောဇဉ်ကြီးရှာသူ စာသင် ဦးလူကလေးသည် သူ၏ ရွာသူရွာသားတို့ကိုလည်း စိတ်မချ ချေ။

ညောင်ပင်သာရွာ မြောက်ဘက်ထိပ် ဇရပ်ကြီးမှ တစ်မိုင်ကျော် ခန့်ဝေးသော နေရာတွင် မြောက်ချောကုန်းရွာကလေး ရှိသည်။ ထိုရွာ၌ အပျိုချောချော ပေါသည်။ ညောင်ပင်သာမှ လူပျိုတို့သည် မြောက်ချော ကုန်းမှ အပျိုတို့ကို ကမ္ဘာ့နိယာမအတိုင်း ပိုးကြသည်။ သို့သော် ထို အပျို လူပျိုတို့၏ အချစ်ဇာတ်လမ်းမှာ ရိုက်ပွဲများနှင့်သာ အဆုံးသတ် တတ်သည်။

ထို့ကြောင့် ဘုရားပွဲဟော့ဟုဆိုလျှင် စာသင် ဦးလူကလေးသည် ဦးခေါင်းကြီးမိသည်။ ယခုမှာမူ ပွဲမိန့်ပေးမိပြီဖြစ်သောကြောင့် မတတ် သာတော့ပြီ။ ခပ်စောစောကပင် ပွဲခင်းရှိရာသို့သွား၍ ကြီးကြပ်မှ တော်လိမ့်မည်။ ဤစိတ်ကူးနှင့် ဦးလူကလေးသည် ပွဲဈေးသို့ ရောက် ခဲ့သည်။ ညဥ့်ဦး၌ ဈေးမှာ စည်ကားလှပေသည်။

ပွဲဈေးသို့ ဝင်လျှင်ဝင်ချင်း မုန့်လေပွေဆိုင်ကို တွေ့ရသည်။ ဆိုင်ရှင် မုဆိုးမကြီးက မုန့်လေပွေတစ်ချပ်နှင့် လောကွတ်ပြုသေးသည်။ သို့သော် ခပ်လှမ်းလှမ်းက ကောက်ညှင်းကျည်တောက်ဆိုင်၌ ကာလ သားတွေ တရုန်းရုန်း၊ လက်ပံပင် ဆက်ရက်ကျသလို ကျနေကြသည်။ ကောက်ညှင်းကျည်တောက်ရောင်းသော ကောင်မလေးမှာ ဆံရစ်ဝိုင်း

mgyoe.com

mgyoe.com


ကလေးနှင့် အတော်ချစ်စရာကောင်းသော အရွယ်ပင် ဖြစ်သည်။

သည်ကောင်မကလေးအကြောင်းကို ဦးလူကလေး ကောင်းစွာ သိသည်။ ကောင်မကလေးက ရိုးသည်။ သူ့မိဘက ပင်ပန်းဆင်းရဲသည်။ အပျိုဖော်ဝင်စမှာ ညောင်ပင်သာက လူပျိုကာလသားများ အဝိုင်းခံရလျှင် ပျားပိတုန်းတွေဝိုင်း၍ အစုပ်ခံရသော စံပယ်ပန်းကလေးလို နေမညိုခင် နွမ်းရဖို့ ဖြစ်သည်။

ထို့ကြောင့် စာသင်ဦးလူကလေးသည် မုန့်လေပွေသည်မကြီး လောကွတ်လုပ်သည်ကို ကျေးဇူးတင်စကားတစ်ခွန်းနှင့် ပြန်ချေပြီးသော် ကောက်ညှင်းကျည်တောက်ဆိုင်သို့ သွားလေသည်။ ကောင်ကလေးတွေက ဦးလူကလေးထက် ပါးသည်။ ဦးလူကလေးကို မြင်လျှင်ပင် ကောက်ညှင်းကျည်တောက် တစ်ယောက်တစ်ချောင်းစီ ခပ်မြန်မြန်ဆွဲကာ ဈေးသည်အား ခပ်သုတ်သုတ် ပိုက်ဆံပေးပြီးနောက် လစ်ကြလေသည်။

"ဟဲ့ ကောင်မလေး၊ နင့်ဆိုင် လူစည်လှချည်လား"

ဦးလူကလေးက စကားစပ်မရှိဘဲ ကောက်ညှင်းကျည်တောက်ရောင်းသူ ကောင်မကလေးကို တုံးတိတိမေးသည်။ ကောင်မလေးက ရှက်သလိုလို အမူအရာပြသည်။

"ဈေးရောင်းကောင်းတာကိုး ဘကြီးရဲ့။ ဒါပေမဲ့ အကြွေးရောင်းရတာ များပါတယ်"

ကောင်မလေးက နောက်ဆုံးဝါကျကို မသက်မသာ ညည်းတွားသံနှော၍ ပြောသည်။

"ဟဲ့ ဟိုအကောင်တွေဟာ နင့်ဆီကကို အကြွေးယူသလား။ နင့်ကို ဘာစကားတွေများ ပြောသွားသေးသလဲ"

ဟု ဦးလူကလေးက မသင်္ကာသောသဘောနှင့် မေးပြန်သည်။

mgyoe.com

mgyoe.com


ကောင်မကလေးသည် ပို၍ ရှက်သွားသည်။

"အို... သူတို့ ဘာမှမပြောပါဘူး။ ကောက်ညှင်းကျည်တောက် အားလုံးကို ခြုံဝယ်မယ်ဆိုပြီး ဈေးဆစ်နေတာပါ၊ သူတို့ဆီက လက်ငင်းပိုက်ဆံ ရပါတယ်။ အကြွေးကျတာက သူများဆီမှာပါ"

"အင်း... ဟင်... ဒီကောင်တွေ ဒီလောက် အစားကြီးရော့လား ဟယ်၊ နို့ ဘာလို့ အကုန်ဝယ်မသွားတာလဲ"

"ပြောတတ်ပါဘူး ဘကြီးရယ်၊ ဘကြီးလာတာ မြင်တော့ ခုလိုပဲ ချာခနဲ လှည့်ထွက်သွားကြတာပဲ"

စာသင်ဦးလူကလေးသည် အထက်ပါ အချီအချ စကားပြောပြီး စဉ်းစားသည်။ သက်သက် နောက်ပိုးပိုးချင်လို့ ကောင်မလေးဆီမှာ လာပြီး ဈေးဆစ်နေကြလေသလော။ သူလာမိ၍ ကောင်မလေးအတွက် လာဘ်ပိတ်သွားလေသလော။ သည်ခွေးမသား လေးငါး ဆယ်ယောက်က ကောက်ညှင်းကျည်တောက် အချောင်းပေါင်း လေးငါးဆယ်ကို ဘယ်ပုံ အပင်းဆို့ကြမှာလဲ။

စာသင် ဦးလူကလေးသည် စိတ်ကူးရင်း ပွဲဈေးတန်းရှိ အုန်းထမင်းနှင့် ကြက်သားဆိုင်၊ ကော်ပြန့်ကြော်ဆိုင်၊ ထမင်းသုပ်ဆိုင်၊ သဘော်သီး လက်သုပ်ဆိုင်၊ လက်ဖက်ရည်ဆိုင်၊ ရှလပတ်ရည်ဆိုင်၊ မုန့်ဟင်းခါးဆိုင်၊ လက်ဖက်ချင်းသုပ်ဆိုင်၊ မုန့်ကျွဲသဲဆိုင်၊ ကျောက်ကျောဆိုင်၊ ဆေးလိပ် မီးခြစ် ကွမ်းယာဆိုင်တို့ကို တစ်ဆိုင်ပြီး တစ်ဆိုင် ဖြတ်သွားသည်။ ဘာမျှ မစဉ်းစားတတ်အောင် ဖြစ်သွားသည်။

"ဟော... စာသင်ကြီး ကြွလာပြီကိုး"

ဟု ဘုရားလူကြီးများက ဆီးကြိုနှုတ်ဆက်တော့မှ ဦးလူကလေး အစဉ်းစားရပ်တော့သည်။

တောဘုရားပွဲကလေးပင် ဖြစ်လင့်ကစား ညောင်ပင်သာရွာမှ

mgyoe.com

mgyoe.com


အစပြု၍ တစ်စတစ်စနာမည်ကြီးခဲ့သော "ဟမ္မရာမောင်ညွှန့်"ဇာတ်သည် ယနေ့ညအဖို့ မြို့မိမြို့ဖတို့အား ရင်နှစ်ခြမ်း ဖြန်းဖြန်းကွဲ၍ လဲလို့ပင်သေသေ ဝတ္ထုရားကျေအောင် ကပြမည်ဟု အားခဲထားသည်။ ထို့ကြောင့် ပတ်မကြီးက'ဘောထီ၊ ဘောထီ'ဟု မြည်နေသည်။ သို့သော် ဦးလူကလေးမှာ ညနေစာကို အိမ်မှာ မစားခဲ့ရသေး၊ ထို့ကြောင့် သူ့ဝမ်းက တကြုတ်ကြုတ် မြည်နေသည်။

ထို့ကြောင့် ဦးလူကလေးက ဘုရားလူကြီးများနှင့် စကားစမြည်ပြောဆိုနေရာမှ

"ငါ ထမင်း ပြန်စားလိုက်ဦးမဟေ့"

ဟုဆိုသည်။

"ဟာ ခင်ဗျား ပြန်လို့ ဘယ်ဖြစ်မလဲ၊ ဒီပွဲဈေးမှာပဲ ကြိုက်ရာမှာစားပါ၊ ကျုပ်တို့ ကျွေးပါ့မယ်"

ဟု ဘုရားလူကြီးတစ်ဦးက ဆို၏။

"ဟေ့... ငါ ပွဲကြပ်လာတာ နှစ်ပေါင်းနှစ်ဆယ်ကျော်ပြီ။ မင်းက ငါ အိမ်ပြန်မှာ စိုးနေတယ် မဟုတ်လား။ တစ်စုံတစ်ခုဖြစ်ရင် အုပ်မနိုင် ထိန်းမရဖြစ်မှာ စိုးတယ် မဟုတ်လား။ ဟေ့... ဝန်ကြီးလေးပါး ထွက်တဲ့ အချိန်ထိ ပွဲဘယ်တော့မှ မလန့်ဘူးကွဲ့။ လက်ထောက် မင်းသမီး စခန်းထချိန် ရောက်ရင်တော့၊ အေး ... စိုးရိမ်ရသဟေ့"

ဦးလူကလေးက သူ၏ ဗဟုသုတအတိုင်း ပွဲလန့်ချိန်ကို ကြိုတင်တွက်ဆ၍ ပြောသည်။ သို့သော် ဘုရားလူကြီးများ ရရှိထားသော သတင်းစကားအရမှာ ယနေ့ည ညောင်ပင်သာရွာနှင့် မြောက်ချောကုန်းရွာနှစ်ရွာသည် ချိန်း၍ ရိုက်ပွဲဖြစ်လိမ့်မည်ဟု ဆိုပြန်သည်။

"ဟ... ဒီလိုဆို သောက်ကျိုးနည်းရောပေါ့။ ကိုရင်တို့တစ်တွေက ကျုပ်ကို၊ စောစောက ဘာလို့ မပြောသလဲ"

mgyoe.com

mgyoe.com

ဦးလူကလေးသည် အနည်းငယ် စိုးရိမ်လာ၍ ပြစ်တင်စကား ပြောကြားလေတော့သည်။

"ဟာ– စာသင်ကြီးကို စောစောက ပြောလို့ ဘယ်ဖြစ်မလဲ။ ပြောရင်လည်း ခင်ဗျားကပွဲကို ပိတ်ပစ်ဦးမယ်။ အမှန်တော့ စောစောက ဒီသတင်းမျိုး မရပါဘူး။ ယခုမှ ရွာသားတစ်ယောက်က လာသတင်းပေးတယ်"

ဘုရားလူကြီးက ဤစကားကိုပြောမှ ကောက်ညှင်းကျည်တောက်သည်ကို ဦးလူကလေးက ပြန်၍ သတိရသည်။

"ဟော့...ဟော့...ဟော့... ဒီလိုဆိုရင် မဖြစ်ဘူးလဟ... ဒီလိုဆိုရင် ကောက်ညှင်းကျည်တောက်သည်ကို မရောင်းရလို့ အမိန့်ပေးပြီး သိမ်းရမယ်"

ဟု အလောတကြီးနှင့် ဦးလူကလေးကပြောရင်း ဘုရားလူကြီးလေးငါးဦးတို့ကိုခေါ်၍ ထွက်သွားလေ၏။ သို့သော် ကောက်ညှင်းကျည်တောက်သည်ကလေးက အားလုံးကို ရောင်းချ၍ အိမ်သို့ ပြန်လေပြီ။

"ကိုင်းဟော့ ... မဖြစ်ဘူးဟော့၊ တုတ်တွေ၊ ဓားတွေ သိမ်းမှပဲ"

ဟု စာသင်ဦးလူကလေး အရေးပေါ် အမိန့်ထုတ်လေ၏။

သိမ်းသမျှ တုတ်ထဲတွင် ဝါးရင်းတုတ် အတော်များများပါ၏။ သို့သော် ဟန်တိန်တုတ်မှာ အတော်အရေးကြီးသည်။ ၎င်းသည် ၃၂၆ မှ ၄၀၂ သို့ ပုဒ်မ ပြောင်းပေးရန် စွမ်းဆောင်နိုင်သော သေလောက်သည့် လက်နက်ဖြစ်သည်။ သို့ပေမဲ့ ဟန်တိန်တုတ်ကို စပါးအဝယ်တော် တစ်ဦးကသာ သဘောရိုးနှင့် ကိုင်ဆောင်လာသည်ကို တွေ့ရသဖြင့် ထိုစပါးအဝယ်တော်ကိုပါ ပွဲကြပ်သည့် လူကြီးစာရင်းထဲ သွင်းလိုက်ရသည်။ ဝန်ကြီးလေးပါးကား ထွက်လေပြီ။

mgyoe.com

mgyoe.com


ဗာရာဏသီပြည့်ရှင် ဘုရင်မင်းမြတ်နှင့် မင်းကြီး သက်တော်ရှည်တို့သည် အမျှင်မပြတ်လေရှည်လျက် တစ်ဦးက အမိန့်တော်မြတ်မှတ်တော်မူစဉ် အခြားတစ်ဦးက ဗျာဒိတ်တော် ပန်ဆင်လျက် ရှိကြကုန်သည်။ သူတို့ အတိုင်းအဖောက် လေရှည်လေလေ ရိုက်ပွဲကျင်းပမည့် အချိန်နာရီဝေးလေလေ၊ ထို့ကြောင့် အနည်းငယ် သက်သာရာရလေလေဟု ဦးလူကလေးက တွေးမိ၏။ သို့သော် ပွဲကြည့်ပရိသတ်၏ လက်ယာဘက်ထောင့်က 'ဖြောင်း' ခနဲ ကြားလိုက်၏။ ပွဲကြည့်ပရိတ်သတ်များပင် ဝရုန်းသုန်းကား ဖြစ်သွားသည်။

"ဟော့... ထိုင်ကြ ထိုင်ကြ၊ ဘာလို့ လှုပ်လှုပ်ရွရွ ဖြစ်တာလဲ"

ဟု ဦးလူကလေးက သူ၏ အသံဝါဝါကြီးကို အော်၍ ပြော၏။ ပရိသတ် ငြိမ်သွားသည်။ သို့သော် ၎င်း ဖြောင်းခနဲမြည်သံမှာ ကုလားထိုင်ကျိုးကျသော အသံဖြစ်၍ ဦးလူကလေးနှင့်တကွ ဘုရားလူကြီးများ အပါအဝင် တစ်ခဲနက်သောပရိသတ်သည် တစ်ခဲနက်သော အသံဖြင့် ရယ်ကြလေသည်။

အမှန်မှာ ထိုညက လက်ထောက်မင်းသမီး စခန်းထသည့်အချိန်အထိ ပွဲမှာ ငြိမ်သက်လှသည်။ တုတ်၊ ဓား စသည့်လက်နက်ကို ကြိုတင်သိမ်းထားခြင်း၏ အကျိုးပင် ဖြစ်တော့သည်။ ထို့ကြောင့် စိတ်သက်သာရသော ဦးလူကလေးနှင့် အပေါင်းပါတို့သည် အုန်းထမင်းနှင့် ကြက်သားဟင်းကို စိတ်အေးလက်အေး မြည်းနေကြသည်။

"ချိုးနှစ်ကောင် အောင်...ဝေါင်..."

"တိန်...တိန်...တိန်..."

"ထနောင်းပင် ညီနောင်က..."

"ပတ်၊ ပတ်၊ ဗေပိန်းဂျိ..."

"လွမ်းအောင်ကူ ဟဲ အဲ အဲ..."

mgyoe.com

mgyoe.com


နောက်ထိုင်က "ဟာမ္ဗရာ မောင်ညွန့်' တို့ နှစ်ပါးသွားအတွက် ခွန်းတောက်ကို ဆိုလိုက်လေသော် နဲ့ဆရာက လူဆိုသည့်အတိုင်း လိုက်၍ 'ချွဲ…အဲ၊ ချွဲ…အဲ…ဟဲ' ဟု မှုတ်နေသည်။

"ဟေ… ဘယ့်နှယ့်လဲကွဲ့ ယောက်ဖရဲ့၊ ဒီညတော့ မိုးအလင်း အေးအေးကြည့်ရလိမ့်မယ် ထင်တယ်ဟေ့"

ဟု ဦးလူကလေးက အုန်းထမင်းပန်းကန် လက်စသိမ်းရင်း ပြောလိုက်လေသည်။

ဦးလူကလေး၏စကား ဆုံးသည်နှင့် တစ်ပြိုင်နက် ဝုန်းခနဲ အသံ တစ်ခု ကြားရသည်။ ပွဲလယ်ကောင်မှ ပရိသတ်သည် မြေပြိုသဖြင့် ပြေးကြဘိသကဲ့သို့ တိုးဝှေ့ပြေးကြသည်။

"ဟဲ့…ဟဲ့…ဘာဖြစ်တာလဲဟ"

"ဟေ့… ငြိမ်ငြိမ်နေကြ၊ မဆိုင်သူ အနားမကပ်နဲ့"

"မိစိန်ရေ … မိနက်ကေ …ဟဲ့ သေခြင်းဆိုးမတွေ လာခဲ့ကြ၊ အိမ်ပြန်မယ်"

"ချကုန်ပဟ…"

ဦးလူကလေးနှင့် အပေါင်းအပါတို့သည် ပွဲထဲသို့ မိနစ်မဆိုင်း ရောက်လာကြပါ၏။ သို့သော် တအုန်းအုန်းအသံကို ကြားရသော်လည်း ရန်ဖြစ်နေသော အစုကို မတွေ့ရချေ။

"ဟဲ့… ကောင်မတွေ၊ ဘာမှဖြစ်တာ မဟုတ်ဘဲနဲ့ နင့် အမေ ဂလိန်းမို့ ရှုနေကြတာလား ဟင်"

ဟု ဦးလူကလေးက ရေရွတ်လိုက်သည်။ ဦးလူကလေး ဆဲသံသည် ပတ်မတုတ်နေသော အသံကိုပင် လွှမ်းမိုးသွားသည်။ ထို့ကြောင့် တစ်အောင့်မျှ ပရိသတ် ငြိမ်သွားသောဟူ၏။

ထိုအခါမှပင် ပွဲ၏အနောက်ဘက် အလံလေးဆယ် လယ်တစ်

mgyoe.com

mgyoe.com


ကွက် နှစ်ကွက်လောက် အကွာတွင်ရှိသော ရေမရှိသည့် ဖင်လှန်ရိုးချောင်းမှာ 'အုန်း'ခနဲ့အသံ၊ 'ဖြောင်း'ခနဲအသံ၊ မအေနမဆဲသံ၊ ပြေးသံ၊ လွှားသံ၊ အောင်မယ်လေးဗျအသံ၊ 'အုပ်ဆက်ကို ထိပဟ' ဟူသော အသံ အစရှိသည့် အသံမျိုးပေါင်း တစ်ဒါဇင်ကျော်ကျော် နှစ်ဒါဇင်ခန့်တို့သည် အရပ်အနားမရှိ ဆက်တိုက် ပေါ်ထွက်လာတော့သည်။

ဖင်လှန်ရိုးချောင်းဘက်၌ လပြည့်ကျော်တစ်ရက်နေ့ လဝန်းကြီးသည် ညောင်ပင်သာနှင့် မြောက်ချောကုန်းရွာ နှစ်ရွာအတွက် အလင်းရောင်အားကိုပေးနေသော အောက်လင်းဓာတ်မီးကြီးပမာတမျှ ထိန်ထိန်သာလျက် ရှိသည်။ ဦးလူကလေး၏အဖို့၌ ထိုညက လသာသာထဲတွင် ရန်ဖြစ်သူ အများအပြား ပြေးကြလွှားကြ၍ ထသောဖုန်ကိုပင် မြင်ရသည်ဟု ဆိုပေသည်။

ဦးလူကလေးတို့ လူသိုက်သည် အချင်းဖြစ်ပွားရာ ဒေသသို့ အရောက်ပြေးကြသည်။

"ဟေ့... လူမှားကုန်မယ်နော်... သတိထားဟေ့၊ မီးတုတ်ကိုလည်း ယူခဲ့ကြဟေ့"

ဟု ဦးလူကလေးက ဦးစီးခေါင်းဆောင်ပြု၍ အော်ဟစ်ကာ ချိန်းရိုက်ပွဲသမားများထံသို့ ချီတက်ကြသည်။

သို့သော် မီးတုတ်မှာ စလောင်းဖုံးထဲတွင် ထမင်းခြောက်နှင့် ရေနံချေးရော၍ ထွန်းသော မီးတုတ်ဖြစ်ရာ မီးတုတ်ကိုင်သူသည် စလောင်းဖုံး ကျကွဲမည်စိုးရိမ်သောကြောင့် သတိနှင့် ကိုင်နေရ၍ ခရီးများစွာ မတွင်။ ဦးလူကလေးကသာ လရောင်ကို အဖော်ပြု၍ ရှေ့မှသွားပြီး ရန်ဖြစ်သူတို့ကို လိုက်ဖမ်းရသည်။

ချိန်းရိုက်ပွဲသမားများနှင့် ဦးလူကလေးတို့ လူသိုက်သည် လရောင်အောက်၌ ရာမသမင်လိုက်ခန်း ဇာတ်တော်မဟာကို ခင်းကျင်း

mgyoe.com

mgyoe.com


ပြသနေစဉ် ဖင်လှန်ရိုးချောင်းမှ ကျွံ၍ ထွက်လာသောညောင်ပင်သာ ကာလသားတို့နှင့် မြောက်ချောကုန်း ကာလသားတို့မှာ ပွဲရှိရာသို့ ဦးတည်ပြေးလာကြသည်။ ပွဲ၌ လူအများ ရုတ်ရုတ်သဲသဲရှိစဉ် ရန်ဖြစ်သူတို့ကား ပွဲကို ပတ်ချာလည် လှည့်ပြေး၍ ပြောင်ပြောင်ကြီး ရိုက်၍ နေကြသည်။ ၎င်းတို့ကိုင်သော လက်နက်တို့တွင် ငါးဆယ်ရာခိုင်နှုန်းမှာ ကောက်ညှင်းကျည်တောက်များ ဖြစ်သည်။ ကျန်လက်နက်တို့မှာ ဝါးရင်းတုတ်၊ ရှားနှစ်သားတုတ်၊ ပျဉ်းကတိုးတုတ်နှင့် ပိတောက်သားတုတ်များ ဖြစ်လေသည်။

ဇာတ်ခုံပေါ်တွင် 'ဟမ္မရာ မောင်ညွှန့်'သည် ခြေဆင်း၍ ထိုင်နေသည်။ သူ၏ မင်းသမီးက ပြောင်းဖူးဖက် ဆေးလိပ်ကို မီးညှိပြီးလျှင် 'ဟမ္မရာ မောင်ညွှန့်'အား ဆက်သနေသည်။ နောက်ထိုင် လူပြက်နှစ်ယောက်က ဇာတ်စင်အောက်ရှိ နှဲဆရာနှင့် လှမ်း၍ စကားပြောနေသည်။

"ဇာတ်ဆရာက မနက်ကျရင် ချဉ်ပေါင်ကို ဝါးရင်းတုတ်နဲ့ ကြော်ပြီး ကျွေးလိမ့်မယ် ထင်ပါရဲ့"

ဟု လူပြက်တစ်ဦးက ခနဲ့သည်။ နှဲဆရာက

"မျှစ်နဲ့ ဝါးဟာ အတူတူပါပဲကွာ"

ဟု ပြန်ပြောသည်။

ရှေ့ကပြေး၍ နောက်ကလိုက်ရိုက်သော သူတစ်စုတို့ ပွဲကို အလယ်၌ထား၍ ပတ်ချာလှည့်ပြေးရာ နှစ်ပတ်၊ သုံးပတ်မျှရှိလျှင် ဦးလူကလေးနှင့်အပေါင်းအပါတို့သည် ရန်ဖြစ်သူတချို့ကို ၎င်းတို့၏ ကောက်ညှင်းကျည်တောက်များနှင့် တစ်ပါတည်း ဖမ်းဆီး၍ ပွဲရှိရာသို့ ခေါ်လာခဲ့သည်။ ဦးလူကလေးတို့ရောက်မှ ပွဲနယ်နိမိတ်ထဲဝင်၍ ရန်ဖြစ်သူများကို ဖမ်းကြရသည်။

mgyoe.com

mgyoe.com


ထိုညက ရှုလပတ်ရည်ရောင်းသော ကုလားသည် အရှုံးကြီး ရှုံးလေသည်။ ရှုလပတ်ရည်ဖျော်ရန် သကြားတစ်ပိဿာကို ဦးလူကလေးအား ပေးလိုက်ရသည်။ ဦးလူကလေး၏အဆိုမှာ ကုလားထံမှ သကြားငါးဆယ်သားသာရသည်ဟု ဆိုသည်။ လိုနေသောတစ်ပိဿာကို ရွာထဲရှိ တရုတ်ကုန်စုံဆိုင်ထံမှ တောင်းယူရသည်ဟု ပြောသည်။

သကြားတစ်ပိဿာ ငါးဆယ် ကုန်သည်ဟုဆိုလျှင် ဒဏ်ရာရသူ အနည်းဆုံး သုံးလေးဆယ်မက ရှိပေလိမ့်မည်။ သို့သော် နံနက်တွင် ဌာနာ၌ စစ်လိုက်သောအခါ အရေးကြီးသော တရားလို၊ တရားခံတို့မှာ တစ်ဖက်လျှင် လေးငါးဦးမျှသာ ရှိသည်။ ထိုညက 'ဟမ္ဗရာ မောင်ညွန့်' တို့ နှစ်ပါးသွားကို လူကြိုက်အတော်များသည်။ လွမ်းခန်းတွင် မိန်းမသာမက ယောကျ်ားရင့်မာကြီးတွေပါ မျက်ရည်ကျကြရသည်ဟု ဆိုသည်။ သို့ရာတွင် နောက်ထပ်ဆက်၍ ပွဲ ခဏခဏလန့်သောကြောင့် "ပွဲကြည့်ရတာ ဖိမ်မရှိပါဘူးတော်"ဟု ဈေးထဲက ရှမ်းဖက်သည် ဒေါ်ကြေးအုံကြီးက မှတ်ချက်ချသည်။

သို့ပေမဲ့ ထိုညက ဦးလူကလေး၏လုံ့လကြောင့် နောက်ထပ် သွေးထွက်သံယိုမှု တစ်ခုမျှ မရှိတော့ချေ။ ဦးလူကလေးသည် ပတ်စာခွာ ဖျာသိမ်းသော အချိန်ကျမှသာ အိမ်သို့ ပြန်နိုင်တော့သည်။

အိမ်သို့ရောက်သော် တစ်ရေးတမောမျှပင် မအိပ်ရချေ။ ညက အမှုအခင်းအတွက် တိုင်ချက်ဖွင့်ရသေးသည်။ ရိုက်ပွဲမှာ ဘုရားလူကြီးများ ပြောသလို ချိန်းပွဲဖြစ်သည်။ မည်သူက မည်သူ့အား မည်သည့် လက်နက်နှင့် ရိုက်သွားသည်ကို မည်သည့်မျက်မြင်သက်သေမျှ ရှိသည် မဟုတ်။ ညောင်ပင်သာရွာတွင် ရှေးရိုးစဉ်လာအရ ဘုရားပွဲများ အဆက်ဆက် လုပ်ခဲ့သည်။ ဘုရားပွဲ ဖြစ်တိုင်းဖြစ်တိုင်း ညောင်ပင်သာနှင့် မြောက်ချောကုန်း နှစ်ရွာချိန်း၍ ရိုက်ပွဲဖြစ်တတ်သည်။ ဤချိန်းပွဲမျိုး

mgyoe.com

တွင် ရေးကြီးခွင်ကျယ်လုပ်၍ တရားလို၊ တရားခံသက်သေကို ရအောင် ရှာနေလျှင် ရှာလည်း နာမည်ပျက်၊ ဦးလူကလေးလည်း ထုချေလွှာ အတောင်းခံရ။ ဘာမျှ အကျိုးမရှိသည့်အပြင် ဘုရားလူကြီးတစ်ဦးဖြစ်သူ ရွှေယောက်ဖက ဆဲဆိုကြိမ်းမောင်းလုပ်ဦးမည်။ ထို့ကြောင့် သာမန်ရုန်းရင်းဆန်ခတ်ဖြစ်သော ပုဒ်မ ၃၆၀ အရသာလျှင် ကိစ္စပြီးလောက်သည်။

ဦးလူကလေးသည် ဤကဲ့သို့ ရာဇသတ်ပုဒ်မတို့ကို လိုတိုး ပိုလျှော့လုပ်ရန်အားထုတ်နေစဉ် ကောင်ကလေးတစ်ယောက်နှင့် ကောင်မလေးတစ်ယောက်သည် ကင်းဂါတ်ထဲသို့ ဝင်လာသည်။

ဦးလူကလေး စာသင်လုပ်လာသည်မှာ အံ့တိုနေပြီ။ ထို့ကြောင့် ထိုကောင်ကလေး ကောင်မလေး စုံတွဲကို မြင်ခါမျှနှင့် မိန်းမခိုးမှု ဖြစ်ပြီဟု သိသည်။ ကောင်ကလေးကိုလည်း မြင်ဖူးသလိုလို၊ ကောင်မကလေးကိုလည်း မြင်ဖူးသလိုလို၊ အထူးသဖြင့် ကောင်မလေးက ဘယ်သူနှင့် တူပါလိမ့်။

"အောင်မယ်... ဟဲ့ ... ကောင်မလေး၊ နင် ငယ်ငယ်ရွယ်ရွယ်နဲ့ လင့်နောက်လိုက်လာတယ် မဟုတ်လား။ ဟယ်... ငါက ဘယ်သူများပါလိမ့်လို့၊ လက်စသတ်တော့... နင်...ဒေါ်အိုဇာရဲ့သမီး မဟုတ်လား"

ကောင်မလေးက ခပ်ရှက်ရှက်နှင့်ပင် ဖွတ်နှစ်၍ ဦးလူကလေး၏ မေးခွန်းကို မှန်ကြောင်း ဝန်ခံသည်။

"သယ်... နင်... ညကပဲ ကောက်ညှင်းကျည်တောက် ရောင်းနေသေးတယ် မဟုတ်လား..."

ဦးလူကလေးက ပုလိပ်စစ် စစ်ပြန်သည်။ ကောင်မလေးက "ဟုတ်ပါတယ်"ဟု ဆိုသည်။

"ကျွန်မ အလိုတူ အလိုပါ လိုက်လာတာပါ"

mgyoe.com

mgyoe.com


ဟု သူ့လင်တော်မောင် သင်ထားသည့်အတိုင်း ထပ်၍ ကွန့်လိုက်သေးသည်။

"နင် ညက ဟိုအကောင်တွေကို ကောက်ညှင်းကျည်တောက်အားလုံးရောင်းခဲ့တယ်၊ ကောက်ညှင်းကျည်တောက်တွေလည်း ကုန်ရော နင်လည်း လိုက်ပြေးရော။ အဲ... နင်ရောင်းတဲ့ ကောက်ညှင်းကျည်တောက်တွေနဲ့ ဟိုကောင်တွေလည်း ရန်ဖြစ်ကြရော၊ ဒီအတိုင်းပဲ မဟုတ်လား"

ဦးလူကလေးက ရေလာမြောင်းပေး မေးလေသည်။

ဦးလူကလေး ပြောသမျှကို ကောင်မကလေးက ခေါင်းညိတ်၍ မှန်ကြောင်း ထောက်ခံသည်။

သည်တော့မှ ကောင်ကလေးက

"ဘဘကြီး... ကျွန်တော်တို့ကို ကယ်ပါဦး၊ ယခု သူသဘောတူလို့ ကျွန်တော် ခိုးလာတာကို ဘဘကြီးကလည်း မဖျက်ပါနဲ့၊ သူ့ဘက်က ဆွေမျိုးများက ဖျက်ရင်လည်း ကူညီပြီး ပြောပေးပါ။ ကျွန်တော့်အဖေ ဦးရွှေကျုံးကိုလည်း ဘဘကြီးက နားချပေးပါ။ ဘဘကြီးကယ်နိုင်မယ်ဆိုတာသိလို့ ဘဘကြီးဆီလာတာပဲ"

ဟု သနားခံလေသည်။

"အောင်မယ် ... မင်းက ဦးရွှေကျုံးသားဆိုတော့ မြောက်ချောကုန်းကပေါ့၊ တယ်ဟုတ်ပါကလားဟေ့၊ ခါတိုင်းတော့ မိန်းမခိုးလို့ ရိုက်ပွဲဖြစ်တယ်။ ခု ဒီတစ်ခါတော့ ရိုက်ပွဲဖြစ်လို့ မိန်းမခိုးတယ်။ မင်းတို့မြောက်ချောကုန်းက ညောင်ပင်သာကို ကျောသွားပြီပေါ့ကွာ"

ဟု ဦးလူကလေးသည် တဟားဟား ရယ်ရင်း ပြောလိုက်လေသည်။

"ကိုင်း... ကိုင်း... ကောင်းပြီ၊ သွား...သွား။ ဟေ့ မောင်ရင်၊

mgyoe.com

mgyoe.com


မင်းနာမည် ထွန်းချစ် မဟုတ်လား။ အေး...အေး၊ ငါ မှတ်မိပြီ။ မင်းကောင်မလေးကို မယားမှတ်မှတ် သားမှတ်မှတ် ပေါင်းနော်”

ဟူ၍ ဦးလူကလေးက ဆုံးမဩဝါဒ ပေးပြန်သည်။ ထို့နောက် သတိရ၍ ဦးလူကလေးက ကောင်မကလေးကို မေးသည်။

“ဟဲ့... နေပါဦးဟဲ့၊ နင့်နာမည် ငါ မေ့နေလို့”

“ကျွန်မ နာမည် စိန်ဇ”ပါ။

“အဲ...အဲ... စိန်ဇ၊ နင့်အသက် ဘယ်လောက်ရှိပလဲ”

“ကျွန်မ ဆယ့်လေးနှစ်ပြည့်ပါပြီ”

“ဟဲ့... ဆယ့်လေးနှစ်ပြည့်လို့ လင်ယူပေမဲ့ တရားဝင်တဲ့အရွယ် မဟုတ်သေးဘူး။ နင်တို့ သောက်ဒုက္ခများကုန်လိမ့်မယ်။ နောက် သူများမေးရင် ဆယ့်ခြောက်နှစ်ကျော်ပြီလို့ပြော။ ကိုင်း... ကိုင်း... ပြန်ကြ ပြန်ကြ။ ငါ အလုပ်ရှိသေးတယ်”

ထွန်းချစ်နှင့် စိန်ဇတို့သည် ကုပ်ချောင်းချောင်းနှင့် ကင်းဂါတ်တဲမှ ထွက်သွားကြသည်။ ဦးလူကလေးက သူတို့နှစ်ဦးကို ပြုံး၍ကြည့်ရင်း ဂါတ်စာရေးကို အော်ပြောသည်။

“ဟေ့...ပုဒ်မ ၁၆၀ နဲ့ ပြီးအောင် လုပ်ဟေ့”

မြဝတီမဂ္ဂဇင်း၊ ဧပြီ၊ ၁၉၅၄

❑

mgyoe.com

mgyoe.com


## ဝတ္ထုရေးနည်း နိဿျည်း

စာရေးဆရာကြီး ကျော်အောင်စံထားသည် ကလောင်ကို သွေး၍ နေလေသည်။

သူသည် ၂ ကျပ်တန် 'လုံးချင်း'ဝတ္ထုတစ်အုပ်ကို ထိပ်သီး စာပေ ဖြန့်ချိရေး ပုံနှိပ်ဌာနမှတစ်ဆင့် ရေးသားပုံနှိပ်၊ ထုတ်ဝေ၊ ရောင်းချပြီး ဖြစ်သည်။

စာအုပ်တွင် ပထမနှိပ်ခြင်း ၂၀၀၀ ဟု ဖော်ပြပါရှိသည်။ ထို ၂၀၀၀ မှာ ပုံနှိပ်ပြီးသည်နှင့် တစ်ပြိုင်နက် ထွက်သွားသည်။ ထွက်သွားသည်ဆိုသည်မှာ မြန်မာနိုင်ငံမှ တရုတ်ဖြူနှစ်ထောင် ထွက်သွားသည့် ပုံပမာနှင့် ခပ်ဆင်ဆင်တူပေသည်။ နှစ်ထောင်ထွက်သော် လည်း တစ်သောင်း ကျန်ရစ်ခဲ့သလို၊ ထိပ်သီး စာပေ ဖြန့်ချိရေး ပုံနှိပ်ဌာနမှ ထွက်သွားပြီးနောက် ကြိုက်တာရွေးယူ ဝဲ–စာအုပ်ဆိုင်များတွင် ထောင်သောင်းများစွာသော စာတိုစာစတို့၏ အကြားဝယ်၊ ကျော်အောင်စံထား

mgyoe.com

mgyoe.com


၏ ဝတ္ထုများသည် မင်းမှုလျက် ကျန်ရစ်ပေသည်။

ယင်းသို့ စာတစ်အုပ်ထုတ်ရာ၌ 'စွံ'သွားသောကြောင့် သူ့၌ မင်ဖိုး၊ စက္ကူဖိုး ကျေသည့်ပြင်၊ နောက်ထပ် အချိန်ယူ၍ ရေးရန်အလို့ငှာ လေး၊ ငါးဆယ်မျှ ကျန်သည်။ သို့သော် ပုံနှိပ်ခမှာ စာရင်း မရှင်းရသေးချေ။ အကယ်၍ နောက်ထပ် 'လုံးချင်း' ဝတ္ထုတစ်ပုဒ် 'စွံ'ပြန်လျှင်၊ အရင်ပုံနှိပ်ဖိုး ကျေမည့်အပြင် နောက်ထပ် ပုံနှိပ်ခအတွက်လည်း စရန်ကောင်းကောင်းပေးနိုင်လိမ့်မည်။

ယခုပင်လျှင် ဝတ္ထုတစ်အုပ်မျှသာ ထွက်ရသေး၊ ကျော်အောင်စံထားဆိုသော အမည်မှာ နိုင်ငံကျော်ဖြစ်လာပြီ မဟုတ်လော။

သူသည် အသက် အစိတ်ပြည့်ရန် ရက်ပေါင်း ၁၀၀၀ မျှ လိုပါသေးသည်။ ထို့ကြောင့် အရွယ်အားဖြင့် မကြီးသေးပါ။ သို့ရာတွင် သူ၏ အနုပညာဂုဏ်ကြောင့်၊ သူ့နာမည်ရှေ့၌ 'ဦး'တစ်လုံးက ကန့်လန့်ခံနေပါတော့သည်။

အမှန်မှာ သူ့နာမည်ရင်းသည် ကျော်အောင်စံထား မဟုတ်။ ငယ်မည်မှာ ငခွေးဖြစ်၏။ ကြီးမည်မှာ မောင်မှိုတည်း။ သို့သော် သူ၏ ငယ်မည်ရော ကြီးမည်ပါ ပျောက်၍ ကျော်အောင်စံထား ရောက်လာပြီ။

နောက်ထပ် ၂ ကျပ်တန် 'လုံးချင်း'တစ်ပုဒ်လောက် ထွက်လာနိုင်လျှင် သူ၏ နာမည်မှာ စကြဝဠာ တစ်သောင်းတိုက်တွင် ဖိန့်ဖိန့်တုန်လာတော့မည်။

နာမည်ကျော်သော အရသာကို ယခုကပင်လျှင် တွေး၍၊ တွေး၍ တစိမ့်စိမ့် ခံစားကြည့်ရာ အောင်မယ်လေးလေး အကြောပေါင်း ၁၀၀၀ စိမ့်လှပါကလား။

ထို့ကြောင့် ကျော်အောင်စံထားသည် ပွဲဦးထွက် ဝတ္ထု၏ စံချိန်ကို ချိုးရမည်ဖြစ်သော နောက်ထပ်ဝတ္ထုတစ်ပုဒ်ကို ရေးရန် မီးကုန်

mgyoe.com

mgyoe.com


ယမ်းကုန် ကြိုးစားလေသည်။

ဝတ္ထု၏ ပဏာမကို သူ နိဒါန်းသွယ်ထားသည်မှာ သာမန် စာရေးဆရာ အနုညာတတို့နှင့် မတူ။ အလွန်ခန့်ပေသည်။

စကားပြေနှင့် နိဒါန်း ရေးကြသည်မှာ သူသူငါငါ ရေးနေကျဖြစ်သည်။ ကျော်အောင်စံထားကား ယင်းသို့ ရေးနေကျ စာမျိုးကို မရေး။ ထူးပေ့၊ ညွှန့်ပေ့၊ ဆန်းပေ့၊ သစ်ပေ့ဟူသော စာမျိုးကိုသာ ရေးသည်။

ထို့ကြောင့် သူ့နိဒါန်းကို စကားပြေအနေနှင့် တွေ့ရလိမ့်မည်ဟု ကျွန်ုပ်တို့ မမျှော်လင့်သင့်။ နိဒါန်းကစ၍ ကဗျာဆန်အောင်၊ ကဗျာနှင့်ပင် ရေးသားထားသည်။ ကဗျာမှာလည်း ရိုးရိုးကဗျာမဟုတ်။ ဆန်းသစ်သော လေးလုံးစပ် ကဗျာဖြစ်၏။ မည်မျှ ဆန်းသစ်ပါသနည်းဟု ဆိုသော် 'ရတုချဖွယ် အသွယ်သွယ်' ဟူသော ဝစနတ္ထနှင့်အညီ ရတု၌ အချပုဒ်ကို 'ခိုင်ညွှန့်ခက်ဖြာ'ဟူသော ခုနစ်လုံးချနည်းနှင့် ချလျှင်၊ သစ်ဆန်းသော စာပေဂုဏ်မမြောက်မည် စိုးသောကြောင့်၊ 'ဇမ္ဗူ့သပြေသီးမှည့်'ချနည်းမျိုးနှင့် ချထားပေသည်။

ထိုချနည်းမျိုးမှာ စာလုံးရေ သုံးဆယ့်ငါးလုံးတိတိ ချနည်းမျိုးဖြစ်သည်။

'လည်ကုပ်ချည် ရွှေလောင်းပြန်၊ ဖျောက်ဆိပ်လလယ်'စသောနည်းတို့မှာ ရိုးလှသေးသည်။

ယခုခေတ် စာပေသစ်သမားတို့ အချိုးအချ မညီမညွတ် ကဗျာစပ်ဆိုသည်ကို ရှေးလူတို့က 'ကက္ကုဆူးချိ ကက္ကုဆူးချ'ဟု ခေါ်သည်။ ဤချနည်းမျိုးလည်း ရိုးလှသေးသည်။ ထို့ကြောင့် ဆန်းသည်ထက်ဆန်းအောင်၊ 'စာဆန်း'နှင့် ချသည့် ကဗျာအပိုဒ်များလည်း ကျော်အောင်စံထား၏ ဝတ္ထုနိဒါန်းတွင် ပါပေသည်။ ရှေးကျလွန်းသော

mgyoe.com

mgyoe.com


ပဒေသရာဇ် ကေရာဇ် အမွေခံ စာရေးဆရာ၊ ကဗျာဆရာတို့က အသတ် အသံကာရန် မညီမညွတ်ဘဲ မလိမ္မာသော သူငယ်တို့ မဖွယ်မရာ မပီမသ ဆိုသော စကားနှင့်တူသည့် ကဗျာကို စာဆန်းဟု အမည်မှည့် သည်။ သို့သော် စာရေးဆရာ ကျော်အောင်စံထားဟူ၍ ဤနှစ်ဆယ် ရာပြည့်နှစ်တွင် ပေါ်ပေါက်လာလိမ့်မည်ကို သင်းတို့ မသိနားမလည်၍ သာလျှင် စာဆန်းကို မပီသသော စပ်နည်းဟု ဆိုခြင်းပင် ဖြစ်တန်ရာ သည်။ စင်စစ် မပီသသော သဘောသည်ပင်လျှင် ဆန်းသစ်သော သဘောဖြစ်သည်ကို ရှေးလူကြီးတို့ မရိပ်မိခဲ့။ ဤမျှခေတ်နောက်ကျခဲ့ သည်။

ကျော်အောင်စံထားတည်းဟူသော စာရေးဆရာသည် သူ့ဝတ္ထု အတွက် နိဒါန်းကားရေးပြီးပြီ။ သို့သော် အမည်မှည့်ရန် လိုပေသေး သည်။ ဤကိစ္စ အလို့ငှာ ကဗျူပဒေသ အရပ်ရပ်တို့ကို မှီး၍ ဂိုဏ်းရွေး ချယ်ကာ မှည့်ခေါ်အပ်လေသည်။ ထို့ကြောင့် မင်္ဂလာမျို့အပေါင်းနှင့် ပြည့်စုံသော 'မ'ဂိုဏ်းကို ရွေး၍ အမည်မှည့်လိုက်သည်။

ကိုင်း၊ ယခုဆရာ ကျော်အောင်စံထား ဝတ္ထုရေးပါတော့မည်။ မဆိုင်သူ အနားမကပ်ကြပါနှင့်။ ဆရာကြီးကျော်အောင်စံထား ကလောင်သွေးနေပါသည်။

ကလောင် သွေးသည်ကား ဟုတ်ကပြီ။ သို့သော် ဘယ်ကစပြီး ဘာကို ရေးရပါလိမ့်။ ဆရာကြီး ဦးကျော်အောင်စံထားသည် လောက ကြီးတစ်ခုလုံး၏ အပေါ်သို့ သူ၏ ဉာဏ်ကွန်ရွက်ကိုဖြန့်၍ ဖုံးလိုက် သည်။ ပထမသော် ထိုဉာဏ်ကွန်ရွက်ထဲ၌ စိတ်ကူးတည်းဟူသော ငါးများ တစ်ကောင်မျှ ဝင်မတိုးလေ။

ထို့ကြောင့် သူ၏ စာဆိုတော် တင်းကုပ်ဆီမှ လှမ်း၍ နေပြည် တော်၌ ခင်းထားသော ကတ္တရာစေး မပါသည့် ကတ္တရာလမ်းကြီး

mgyoe.com

mgyoe.com


ကို မှန်းမျှော်ကာ ငေးကြည့်မိသည်။

နေပြည်တော် ကတ္တရာလမ်းတို့သည် အပေါက်နှင့် တန်ဆာဆင်ထားကြကုန်၏။ ခွေးသံ၊ မြင်းသံ၊ နွားသံ၊ ဆိုက်ကားသံ၊ ဂျစ်ကားသံ၊ ဆလွန်းကားသံ၊ စစ်ကားသံ၊ ကုန်တင်ကားသံ၊ ဘတ်စ်ကားသံ၊ အသံရှစ်ပါးတို့အပြင် အလေးခိုးသဖြင့် မြူနီစီပါယ် ရဲအဖွဲ့က ဖမ်းဆီးသည်ကို စောင်းမြောင်း၍ ကလော်တုတ်လိုက်သော ငါးစိမ်းသည်တို့၏အသံ၊ ရှုလပတ်ရည် ကုလားက သူ့ရှုလပတ်ရည် ကြေးအိုးနှုတ်ခမ်းကို ဒန်ပန်းကန်ပြားနှင့် ဟတ်၍ တီးလိုက်သော ဂျမ်းရှဲရှဲမြည်သံ၊ ပြည်တော်သာ မုန့်ဖက်ထုပ်သည်၏ ကြွေးကြော်သံ စသည်တို့သည် တစ်ခဲနက် ဖြစ်လေသည်။

သို့ရာတွင် ဆရာကြီး ဦးကျော်အောင်စံထားသည် ထိုအသံတို့ကို သူ၏ နားသောတ အကြည်ဓာတ်ဖြင့် ခံယူခြင်း မပြုချေ။ သူသည် နားပင်းမဟုတ်။ သို့သော် သူ၏ ဉာဏ်ပိုက်ကွန်ဖြင့် စိတ်ကူးတည်းဟူသော ပုစွန်ဆိတ်ကလေးများကို ကျော့၍၊ ကျော့၍ သဲ့ရသည်မှာ များစွာ ပင်ပန်းသည့် အလုပ်ဖြစ်ရကား၊ ထိုထိုသော ဆူညံဆူညံအသံတို့ကို ဂရုမစိုက်အားချေ။

အဘယ်ကြောင့်ဆိုသော် နောက်ထပ်ထုတ်ရမည့် 'လုံးချင်း'ဝတ္ထုမှာ စကြဝဠာ တစ်သောင်းတိုက်၌ ဟိုးလေးတကျော် ဖြစ်စေရမည့် ဝတ္ထုဖြစ်သည်။ အကယ်၍ ဟိုးလေးတကျော် မဖြစ်သေးဟုဆိုဦးတော့ ၂၀၀၀ တိတိရောင်းရပါမှ အကြွေးကျေမည်ဖြစ်သည်။

ထို့ကြောင့် ဝတ္ထုကို ဖွဲ့နွဲ့ရာ၌ ဦးစွာ မြန်မာစကားကို မြန်မာ သဒ္ဒါနည်း မှန်မှန်နှင့် ခံ့ခံ့ညားညား ရေးပြဖို့ လိုသည်။ ဆိတ်ဖြူ ဆရာတော်ဘုရားကြီး၏ သဒ္ဒါကြီးရှစ်စောင် နိသျှကို မိုင်းခိုင်းမြို့စား၏ သဒ္ဒါရှစ်စောင်နှင့် ညှိနှိုင်းကြည့်တတ်ဖို့ လိုကောင်းလိုလိမ့်မည်။

mgyoe.com

ဆရာတော် ဦးဖုမ်၏ ရူပသိဒ္ဓိကိုလည်း လက်လွှတ်၍ မဖြစ်။ ဆရာကြီး ဦးကျော်အောင်စံထား ပဋ္ဌာန်းတစ်ဝါ ရစဉ်က ဏွာဒိမောဂ္ဂလာန် နိဿျကို ဗိုင်းထောင့်ချောင်းကိုယ်တော်ထံမှာ စာတက်ဖူးသည်။ ထို ဏွာဒိမောဂ္ဂလာန် သည်လည်း သူပြုစုစီရင်မည့်ဝတ္ထုဋ္ဌ များစွာသင်္ဂဟ ပြုပေလိမ့်မည်။ မိ,မ,စိ,ဌ,တိ,အန္တိ စသည်ဖြင့် အာချတ် ဝိဘတ်ကိတ် ပစ္စည်း အာချတ်ကြိယာ၊ ကိတ်ကြိယာတို့ကို ထုံးလိုချေ၊ ရေလိုနှောက်ခဲ့ သည်၏ အဆုံး၌ သဒ္ဒါကို နိုင်ပြီ။ သဒ္ဒါကို ပိုင်ပြီ ဖြစ်ချေရကား၊ နောက်ထွက်မည့် စာအုပ်မှာကျောင်းသုံးစာအုပ် ဖြစ်နိုင် သောအခြေ၌ တည်လိမ့်မည်။

သို့သော် သဒ္ဒါမှန်ရုံနှင့်လည်း မပြီးသေး။ အဖွဲ့အနွဲ့ကလည်း စံပြ ဖြစ်ရဦးမည်။ အဖွဲ့အနွဲ့အတွက် ဘူရိဒတ် လင်္ကာကြီးနှင့် နေမိ ငရဲခန်းပျို့တစ်စောင်လုံးကို ရည်ညွှန်းရပေဦးမည်။ မာန်လည်ဆရာ တော်၏ မဃဒေဝပျို့ကိုလည်း လက်လွှတ်၍ မဖြစ်ချေ။ တေ,ဇ,သု, နေ,မ,ဘူ,စံ,နာ,ဝိ,ဝေ တို့ကိုလည်း ကိုရင်ဝတ်ခဲ့သော ဘဝက သိသိ ညက်ညက် ကြေအောင် ဖတ်ခဲ့ပြီ။ မဏိကုဏ္ဍလကိုမူ ငယ်စဉ်ကပင် အဘိုးဖြစ်သူက ဖတ်ပြ၍ နာယူခဲ့ဖူးပြီ။ သည်အထဲတွင် အဖွဲ့အနွဲ့ ကောင်းစေဖို့အတွက် စွယ်စုံကျော်ထင်ကျမ်း၊ ကဗျာကြေးမုံ၊ ပိဋကတ် ကြေးမုံ၊ ကဗျာမေဒနီ၊ ကဗျာသာရမဥ္ဇူ စသည်တို့ကို ဒိုးကဲ့သို့ မွှေ နိုင်ကြောင်း ထင်ရှားအောင် သမားဂုဏ်ပြရပေလိမ့်ဦးမည်'လျှင်လျှင်း မှုကား၊ ဝယ်သားတမင့်၊ ချိမ့်ဖြင့်တွင်၏၊ ပိမ့်လှည့်မည်အံ့၊ လောတုံမှံ့ တည့်...'ဟူသော ကြိယာခြောက်ဆယ်ကို ထည်လဲနှင့် သုံးတတ်ဖို့ ကိုလည်း ဂရုစိုက်ရချေဦးမည်။

ဤအတွင်း နေပြည်တော် ကတ္တရာစေးလမ်းမပေါ်၌ ဆိုက်ကား သမားနှင့် ဘတ်စ်ကားတစ်စင်းသည် သင်္ချိုင်းကုန်းကို မည်သူ အရင်

mgyoe.com

mgyoe.com


ဆုံး အရောက်မောင်းနိုင်သနည်းဟူသော အမျိုးသားရေး ပြဿနာ တစ်ရပ်ကို ပြိုင်တူဖြေရှင်းနေကြသည်။

သို့သော် ထိုပြဿနာသည် မပြေ။ ဆိုက်ကားသမား၏ ဘီးသာ ခွေသွားသည်။

ထို့ကြောင့် ဆိုက်ကားသမား အစည်းအရုံးနှင့် မော်တော်ယာဉ် အဖွဲ့တို့သည် တစ်ယောက်၏ ဦးခေါင်းကို တစ်ယောက်က ခွဲရသော လူတန်းစား ပပျောက်ရေး လုပ်ငန်းကို လုပ်၍ နေကြသည်။ ဆေးရုံမှ လူနာတင်ကားများ ရောက်လာကြသည်။ ကိုးသုံးလုံး မော်တော်ယာဉ်များလည်း ဝီခေါ်အောင် ညံနေသည်။

သို့ရာတွင် ဆရာကြီး ဦးကျော်အောင်စံထားသည် လောကလူ့ဘောင်၌ ဖြစ်ပျက်နေသော အသေးအဖွဲတို့ကို ဂရုမစိုက်နိုင်။

၎င်းတို့ထက် အရေးကြီးသည်ကား။ သူရေးမည့် ဝတ္ထုသည် ဂရုပဒေသ၊ နယူပဒေသ နယဂ္ဂါယ ဖြစ်စေဖို့ပင်တည်း။

အဖွဲ့အနွဲ့ကောင်းရန်အတွက် ကျမ်းကြီး ကျမ်းခိုင်တို့အပြင် ပျို့ ကဗျာ၊ ရတု၊ ရကန်၊ အဲအန်၊ အိုင်ချင်း စသည်တို့ကို လေ့လာရမည်။ ရည်ညွှန်းရမည်။ ချစ်ခန်း ကြိုက်ခန်း ဖွဲ့နွဲ့ရေးရာ၌ နတ်သျှင်နောင် မပါလျှင် မပြီးချေ။ တစ်ခါတစ်ရံ ခင်မြင့်ကြီးဝတ္ထု၏ အကူအညီကို လည်း ယူရချေဦးမည်။ သို့ရာတွင် ချစ်ခန်း ကြိုက်ခန်းကို ခဏ ဘေးဖယ်ထားလိုက်ပါဦး။ အဖွဲ့အနွဲ့ဆိုရာ၌ ဂန္ထန္တရ ဗဟုသုတတို့ မပါလျှင် ဆားမပါသော ငါးပိကဲ့သို့ ရှိချေမည်။

ထို့ကြောင့် ပါဠိတော်နှင့်တကွ အဋ္ဌကထာ၊ ဋီကာလက်သန်း။ ဆန်း၊ အဘိဓာန်၊ ပူရန်၊ ဗျာကရိဏ်း၊ သံပိုင်း၊ လူးတားပါမချန်၊ ရတု၊ ရကန်၊ အဲ၊ အန်၊ ချေင်း။ မော်ကွန်းတင်စာရင်းများကိုလည်း မည်ရွေ့မည်မျှ ခေါက်မိသည်ကို ဝတ္ထုကြောင်းနှင့် စပ်လျဉ်း၍ ဖော်ပြ

mgyoe.com

mgyoe.com


ကာ ဖွဲ့နွဲ့နိုင်မှလည်း စာကြီးပေကြီး တစ်ဆူ ဖြစ်ချေမည်။

ဤမျှမကသေး တက္ကနယ အခြေခံတို့ကို နားမလည်ပြန်လျှင် မိမိဆိုလိုရင်း အာဘော်ကို ရေပက် မဝင်ပြောနိုင်ဖို့ ခက်လိမ့်မည်။

အထူးသဖြင့်ကား ဝါသုဒေဝ ဆေးကျမ်း၊ ကာမရတနဆေးကျမ်း၊ ဘေသဇ္ဇမဉ္ဇူသာ ဆေးကျမ်း၊ နရသုခိပျို့အဘိဓမ္မာ တောင်သာ ဆေးကျမ်းတို့အပြင် ဥတုဘောဇနကျမ်းတို့မှ ညွှန်းပြဆိုသော အတွေးအခေါ် အယူအဆတို့ကို သူရိယ ဘိန္ဒုက္ကဋ္ဌိကာ၊ အာယုဘေဒ ဗေဒင်ကျမ်း။ ဗြိဟဇ်ကျမ်း၊ ရာဇမတ္တဏ်ကျမ်းတို့နှင့် ညှိနှိုင်း၍ ဂြဟသ္ဘြို ကျမ်း။ လဃုသင်္ဂဟကျမ်း။ အာကာသ သျှတ္တရကျမ်း စသည့်နက္ခတ် သဘော တို့နှင့် ချိန်ထိုးကြည့်နိုင်မှသာလျှင် ဆရာကြီး ဦးကျော်အောင် စံထား၏ ဝတ္ထုမှာ စံပြဝတ္ထုကြီးဖြစ်လာနိုင်မည် မဟုတ်တုံလော။

ဤ၌လည်း ဗေဒင်အလိုနှင့် နက္ခတ်အလိုကို မြေလျှင်လျှပ်ခြင်း စသော နိမိတ်တို့နှင့် ယှဉ်ကြည့်ရန် အလို့ငှာ တိတ္ထုပါရာကျမ်း၏ အာဘော်ကိုလည်း ရှင်းလင်းဖော်ပြနိုင်မှတော်လိမ့်မည်။

ဤနှင့်လည်း မလုံလောက်သေး။ လူ့ဘဘာဝအဖွဲ့အနွဲ့ကို ဖော်ပြရာ၌ လူတို့၏ အကျင့်စရိုက်ကို ကျမ်းဂန်နှင့် ညှိ၍ မပြနိုင်က စာကောင်းဟု မဆိုသာ။ ထို့ကြောင့် 'သူ့လင်နှင့်ကြုံ၊ တံခါးခုံ၊ လွတ်ရုံ ကျော်၍ပြေး'ဟူသော ဝစနတ္ထအရ၊ မနုကျယ် မနုကျဉ်း၊ မနုသာရရွှေ မျဉ်းမနုရင်းပါဠိအပြင် ဓမ္မသတ် ညွှန့်ပေါင်းဖြစ်သော အမှုသံခေပ ပဝဏ္ဏနာတို့ကို ကိုးကားရပေလိမ့်မည်။

ဆရာကြီးဦးကျော်အောင်စံထား၏ မိုးထိအောင် လေ့ကားထောင် သော စိတ်ကူးတို့သည် စက္ကူပေါ်၌ မထင်လာသေး။ သို့သော် ဆောင်း ရာသီ၌ မိုးသည်းထန်စွာ ရွာနေစဉ် မီးသတ်ခေါင်းလောင်း ခဏခဏ တီးရသောကြောင့် လမ်းသွား လမ်းလာလူထုသည် ပွဲကြီးလမ်းကြီးပမာ

mgyoe.com

mgyoe.com


တမျှ ကြိတ်ကြိတ်တိုးစည်ကားလျက်ရှိသည့် အခြင်းအရာတို့ကား ဆရာကြီး ဦးကျော်အောင်စံထား၏ မျက်မှောက်တွင် ပေါ်လာလေပြီ။

မီးခိုးတို့သည် ရွှေမြို့တော်၏ ကောင်းကင် နဘယံတွင် နဂါးလိမ်များတွန့်လိပ်နေသကဲ့သို့လည်းကောင်း၊ တောင်ဟုန်ပြင်းဝှန်၊ ဂဠုန်များပျံနေသကဲ့သို့လည်းကောင်း၊ ဘီလူးနှင့် ဂုမ္ဘာဏ်လက်ဝှေ့ရေးဟန်ပြနေသကဲ့သို့ လည်းကောင်း လွှမ်းမိုးလျက်ရှိနေသည်။

တိုက်အပေါ်ထပ်၌ ခေါင်းအုံးမွေ့ရာတို့ကို ပစ်ချသူက ချနေကြသည်။ ကျလာသမျှတို့ကို သူ့ပစ္စည်းလိုလို၊ ကိုယ့်ပစ္စည်းလိုလိုနှင့် ဆွဲငင်ယူပြေးသူတို့ကလည်း ယူပြေးနေကြသည်။ ကူညီစောင်မသယောင်ယောင်နှင့် အချောင်ဆွဲသူက ဆွဲနေကြသည်ကို အဟုတ်မှတ်၍ ကြည့်နေစဉ် ပိုင်ရှင်က သူ့ပစ္စည်းမို့ သူ့ဂျစ်ကားပေါ် တင်သည်ကို သူခိုးသူဝှက်ဟု စွပ်စွဲကာ ဝိုင်းအုံရိုက်နှက်နေကြသည်လည်း ရှိသည်။

သို့ရာတွင် ထိုမျှသေးသိမ်နုံနဲ့ ပိန်ဖျင်းသော လောကရေးရာတို့ကို ဆရာကြီး ဦးကျော်အောင်စံထားသည် အနှစ်သာရ ကင်းမဲ့လှသည်ဟု သဘောထားလေသလောမသိ။ အနည်းငယ်မျှပင်လျှင် အသိအမှတ်မပြုချေ။

ဩကာသ လောကကြီးကို ဖွဲ့နွဲ့ရန်နှင့် လူ့သဘာဝပေါ်လွင်ရန် ကျမ်းကြီးကျမ်းခိုင်တို့ကို လက်တစ်ဆုံးနှိုက်၍ ကြည့်နေသည်။

လောကကို ဖွဲ့ရန်မှာ မဟာဝင်၊ ဒီပဝင်၊ ရာဇဝင်တို့နှင့်သာ မပြီးစကောင်း၊ အာဒိကပ္ပမှစရပေလိမ့်မည်။ သို့သော် ခေတ်နှင့် တစ်ပြေးတည်းရှိလေအောင် ကမ္ဘာ့အရပ်ရပ် သမိုင်းများနှင့် ညှိနှိုင်းရပေဦးမည်။

ဆရာကြီး ဦးကျော်အောင်စံထားမှာ ဘုန်းကြီးကျောင်းထွက်ဟု ဆိုရစေကာမူ ခေတ်ပညာတတ်တစ်ဦးလည်း ဖြစ်သည်။ သူသည်

mgyoe.com

mgyoe.com


မက်ထရစ်ကို အလွတ်ပညာသင်အဖြစ်နှင့် စာမေးပွဲဝင်ဖူးသူ ဖြစ်ရကား ရေခဲခေတ်၊ ကျောက်ခေတ် စသည့် ခေတ်အမျိုးမျိုး၌ ကမ္ဘာတွင် မည်သည့်ပြိတ္တာများ ကျင်လည်ကျက်စားသည်ကို ခေါက်မိပြီးဖြစ်ရကား ဒါဝင်၏ အယူအဆအရ လူ့လောကဖြစ်စဉ်ကို သုံးသပ်နိုင်စွမ်းရှိပေသည်။ ဒါဝင်၏ သဘောတရားတို့ကို လိုင်ဆင်ကိုက မည်မျှပယ်၍ မည်မျှပြန်လည်ဆန်းသစ်စေသည်၊ မစ်ချူရင်က မည်မျှနှမ်းဖြူးသည်ဟူသော အချက်ကိုလည်း ဆရာကြီး ဦးကျော်အောင်စံထားက သူ၏ဝတ္ထုတွင် တင်ပြလိုသေးသည်။

တောတောင်ရေမြေအဖွဲ့အနွဲ့မှသည် လောက လူ့ဘောင်ကို သုံးသပ်ကြည့်ခြင်းအထိ ပေါ်လွင်အောင် ရေးရမည်ဖြစ်ရာ လူတို့၏ အတွေးအခေါ်တို့ကိုလည်း သာမန်ကာလျှံကာ ဝကွက်၍ချန်ထားရန် မသင့်။ ဧကရာဇ် ပဒေသရာဇ်၏ စနစ်တို့ကို ခေတ်နှင့်လျော်ညီအောင် ပြင်းထန်စွာ ဝေဖန်ပေးဖို့ကိုလည်း စာဆန်းသမားအနေနှင့် တာဝန်တစ်ခုဟု ယူဆရမည်။ ၎င်းမှတစ်ဖန် အရင်းရှင်လောကအကြောင်း၊ လူတန်းစား တိုက်ပွဲအကြောင်း၊ ဗျူရိုကရက် အကြောင်း၊ ပြည်သူ့အာဏာဆင်းသက်လာပုံအကြောင်း၊ မြေရှင်စနစ်အကြောင်း။ ပစ္စည်းမဲ့ အာဏာရှင် စနစ်အကြောင်း၊ အနုပဋိလောမ ရုပ်ဝါဒအကြောင်းတို့ကိုလည်း အလျဉ်းသင့်ရာသင့်ရာတွင် ဩဝါဒကထာအနေနှင့် ဖော်ပြသွားရန်လည်း လိုအပ်ပေသည်။

အထူးသဖြင့် မြန်မာတောင်သူလယ်သမားတို့၏ ကြေကွဲ ဝမ်းနည်းဖွယ်ရာသော သဘာဝကို အနောက် ဥရောပနိုင်ငံ၊ ဆိုဗီယက်နိုင်ငံ စသည်တို့မှ အဆီအနှစ် ထုတ်နုတ်၍ ချစ်စွာသော စာဖတ်ပရိသတ်ကြီးအား တင်ပြနိုင်မှလည်း သဘာဝကျသည်ဟူသော တစ်ခဲနက်ဝေဖန်ချက်ကို ရရှိနိုင်မည်ဖြစ်သည်။ သို့မှသာလျှင် သမာသမဂ္ဂဝါဒ

mgyoe.com

mgyoe.com

ထွန်းကား၍ လောကနိဗ္ဗာန် တည်ထောင်နိုင်ပေလိမ့်မည်။ ဤအချက်ကို လမ်းညွှန်ပြရန် တာဝန်မှာ ဆရာကြီး ဦးကျော်အောင်စံထား၏ ကျောက်ကုန်းထက်၌ တိတိမတ်မတ်ကြီးကျရောက်လျက်နေပေသည်။

"ပိုက်ဆံကလေး တစ်မူးလောက်သနားပါရှင်" ဟူသော အသံသည် မြင်လျက်နှင့် မမြင်၊ ကြားလျက်နှင့် မကြားသော ဆရာကြီး ဦးကျော်အောင်စံထား၏ ပတ်ဝန်းကျင်၌ ပဲ့တင်ထပ်သွားသည်။ အမှန်မှာ ထိုအသံလှိုင်းသည် ရူပဗေဒသဘောအရဆိုလျှင် လေထုရှိရာ စကြဝဠာတစ်တိုက်လုံးကို ပျံ့နှံ့သွားပေလိမ့်မည်။

ဆရာကြီး ဦးကျော်အောင်စံထားသည် ရုပ်ရည်သနားကမား ရှိသော သူတောင်းစားမကလေး၏ မျက်နှာကို ရွှန်းရွှန်းစားစားကြည့်သည်။ သို့သော် သူ၏ ကြည့်ပုံမျိုးမှာ ဒဏ္ဍာရီ၌ ပြဆိုအပ်သော သူတောင်းစားကို တောင်ညာတင်သော ဘုရင်၏ ကြည့်ပုံနည်းမျိုး မဟုတ်။ မြင်းသမားသည် မြင်းကြန်လက္ခဏာကို ကြည့်သော အကြည့်မျိုးဖြစ်သည်။ မြင်း၏ ဗေွကိုသာမြင်သည်။ မြင်းကိုမမြင်။

သူတောင်းစားမကလေး၏ မျက်နှာပေါက်အချိုးအစားမှာ အရွယ်ရောက်ဟန် မတူသေးသော ကလေးမငယ်ပင် ဖြစ်လင့်ကစား သူငယ်နာ ကျဗဟုံးစွဲနေဟန်တူသော အခါလည် သားကလေးပိန်ညှော်ညှော်ကို ခါးထစ်ခွင်ကာ နို့တိုက်နေရသည်။ ထိုဇာတ်ပွဲတော်ကို ဆရာကြီး ဦးကျော်အောင်စံထား သတိမိထားမိချေ။

သမာသမဂ္ဂလောက၏ သဘာဝတ္ထကို ဖွဲ့နွဲ့ရန် စိတ်ကူးထုတ်နေချိန်၌ သနားကမား သူတောင်းစားမကလေးသည် သေးနုပ်လှစွာ၏။

သူတောင်းစားသည် ကောင်မကလေး ဖြစ်သည်။ ဆရာကြီး ဦးကျော်အောင်စံထား၏ ဝတ္ထုအမည်ကို ဂိုဏ်းအားဖြင့် ခွဲကြည့်လျှင်

mgyoe.com

mgyoe.com


မ–ဂိုဏ်းဖြစ်သည်။ ထို့ကြောင့် ဖို၊ မ ခြင်းရာတွင် မ၏ အကြောင်းကို သရုပ်ဖော်ရမည်ဖြစ်သည်။

ဤအချက်ကိုမူ ဆရာကြီး ဦးကျော်အောင်စံထားသည် ကောင်းစွာ သတိမူမိသည်။

မ–ကျမ်းကို ကြေသည့်အရာ၌ ကာလိဒါသသည် ဆရာတစ်ဆူဖြစ်ပေသည်။ ၎င်းသည် ကာမသျှတ္တရကို ပြုစုခဲ့သည်။

သို့သော် ဟိန္ဒူကျမ်းဂန်များက ပြဆိုသည်ကား ဓာတ်သျှာယနမာလာနာဂသည် ကာမသျှတ္တရကျမ်းကိုဦးစွာ ပြုစုခဲ့သူပါဟု ဆို၏။ ထို့နောက်၌ကား ရတိရဟာသျှကျမ်းနှင့် ဇယမင်္ဂလာကျမ်းတို့ ပေါ်ပေါက်၏။ သို့သော် ကလျာနမာလာ၏ အနင်္ဂရင်္ဂကျမ်းကိုလည်း လက်လွှတ်၍ မဖြစ်၊ ဣတ္ထိဘာဝကို ထိုကျမ်းတို့၌ နှိုက်၍ ကြည့်နိုင်မှ အမှန်ကို ရနိုင်ပေလိမ့်မည်။

ဆရာကြီး ဦးကျော်အောင်စံထားသည် လူပျိုပေါက် အရွယ်ကပင် မိန်းမတို့၏ သဘောနှင့် သရုပ်ကို ကျမ်းဂန်နှင့် ယှဉ်၍ လေ့လာခဲ့ပေသည်။ သူသည် ကျမ်းဂန်၏ အဖွင့်ဝဏ္ဏနာတို့ကို လက်တွေ့စမ်းသပ်ခဲ့ဖူးသည်။ သူစမ်းသပ်သည့်အခါတိုင်း အခါတိုင်း သူ စာပေးသော ကုမ္မာရီတို့သည် လင့်နောက်လိုက်ပြေးကြသည်။

ဤအချက်တို့သည်ပင်လျှင် ဆရာကြီး ဦးကျော်အောင်စံထားစာဆိုတော် တစ်ဦးဖြစ်စေရန် ဖန်တီးသော အချက်များဖြစ်သည်။

သို့သော် ကျမ်းဂန်အရာ၌ နှံ့စပ်ဖို့ အရေးကြီးသည်။ ကာလိဒါသ၏ ခေတ်ဟောင်း အတွေးအခေါ်တို့ကို ခေတ်သစ်အတွေးအခေါ်တို့နှင့် ဟပ်၍ ပြရပေလိမ့်မည်။ ထို့ကြောင့် ဖရွိုက်၊ ဟဲ့ဗလော့ခ်အယ်လစ်စ်ကရပ်ဖ်ထ်၊ အီဘင်းဂ်၊ ဘေလာ့ခ်၊ ကစ်ရှ်စသော ရှေးပညာရှိများအပြင် မာရီစတုပ်စ်၊ ဗန်ဒီဗဲလ်ဒ်ဟူသော နှောင်းပညာရှိတို့၏

mgyoe.com

mgyoe.com

အာဘော်နှင့် ကိုက်ညီအောင်၊ ဝတ္ထုကို တန်ဆာဆင်ရမည်ဖြစ်သည်။

ရွှေမြို့တော်ကြီး၏ ကတ္တရာလမ်းပေါ်တွင် ဓာတ်မီးရောင်သည် အင်အားချည့်နဲ့ ဖျော့တော့စွာ ကျရောက်နေသည်။ လမ်းဘေးတဲအိမ် အကြိုအကြားထဲမှ ယောကျာ်းပျိုတစ်ယောက်နှင့် မိန်းမပျိုတစ်ယောက် သည် ဆရာကြီး ဦးကျော်အောင်စံထားမြင်သာသည့်နေရာ၌ ရပ်၍ နေကြသည်။

ဆရာကြီးသည် ထို ဖိုမ နှစ်စုံကို မြင်လျက်နှင့် မမြင်။ အဘယ် ကြောင့်ဆိုသော် သူ၏ ဉာဏ်မျက်စိထဲတွင် ပဒုမ္မနီ၊ စိတြိနီ၊ ယော ဟနီနှင့် ဟတ္ထနီတို့သည်သာလျှင် ကွက်ကွက်ကွင်းကွင်း ထင်ပေါ် နေသောကြောင့်တည်း။

သို့သော် ယောကျာ်းဖော်နှင့် တွဲလာသော မိန်းမပျိုကလေးက မိန်းမတို့ မာယာလေးဆယ်ကို ဆရာကြီး ဦးကျော်အောင်စံထားအား အကျယ်ဖွင့်၍ ပြနေသည်။

ထိုမိန်းမသည် လက်မပါသော နိုင်လွန်အင်္ကျီကို ဝတ်ထားသည်။

သူ၏ နှုတ်ခမ်းထူထူမှာ နီတာရဲရဲရှိသည်။

သူ၏ ပါးတစ်ဖက်တစ်ချက်မှာ မင်နီအိုး ဖိတ်ကျလျက် ရှိဘိ သကဲ့သို့။

မျက်လုံးတို့ကား ဂနာမငြိမ်ချေ။

ခေတ်ပေါ်ကြက်ပေါင်စေး ရင်စီးနှင့် တွဲလျက်ရှိသော ဇာဘော်လီ မှာ အိ၍ တွဲ၍ ကျနေသော ရင်မြွှာ ၂ စုံကို မနိုင့်တနိုင်နှင့်အပေါ်သို့ ပင့်တင်ပေးနေသည်။

သူသည် ဆရာကြီးအားလှမ်း၍ ခေါ်လိုက်တော့ မလိုလို၊ မျက်လုံး ကို အထက်သို့ ပင့်၍ ပင့်၍ လှန်လိုက်သည်မှာ 'လာရှင့်'ဟု မြူဆွ နေဘိသကဲ့သို့။

mgyoe.com

mgyoe.com


သို့သော် ကျွန်ုပ်တို့၏ ဆရာကြီး ဦးကျော်အောင်စံထားသည် ကား မလာအားပါ။ ထို့ကြောင့် မိန်းမပျိုကလေးကို ဆိုက်ကားသမား က တိုးတိုးတိုးတိုး စကားတစ်ခွန်းနှစ်ခွန်း ပြောပြီးနောက် ယောကျ်ား ပျိုကလေးကို ချန်လှပ်ထားခဲ့၍ ခေါ်ဆောင်သွားသည်ကို ဆရာကြီး ဦးကျော်အောင်စံထားက မြင်လျက်နှင့် မမြင်သလို ကြည့်နေလိုက် သည်။ စင်စစ် မိန်းမပျိုကလေးက ဆိုက်ကားနှင့် ထွက်သွားခါနီး၌ ဆရာကြီး ဦးကျော်အောင်စံထားကို နှုတ်ခမ်းစူ၍၊ မေးထိုး၍၊ မျက်လုံးကို မျက်အိမ်ထောင့်သို့ကပ်၍ ပြလိုက်သေးသည်။

လောကတစ်ခုလုံးသည် အမှောင်ချဉ်း၍ အလင်းကို ရှောင်ကာ သွားချေပြီ။

ထိုအခါမှ ကျွန်ုပ်တို့၏ ဆရာကြီးသည် သတိရပြီးလျှင် လမ်းပေါ် မှ ဓာတ်ကြိုးနှင့် အိမ်တွင်းသို့ သွယ်ယူထားသော ဓာတ်မီးခလုတ်နှိပ် ကာ ထွန်းလိုက်သည်။ ပြီးလျှင် ဆယ်ပေပတ်လည် အိမ်ခန်း၏ နောက် တွင်ရှိသော မီးဖိုချောင်ခန်းသို့ သွား၍ ကြောင်အိမ်ကို ဖွင့်ပြီးလျှင် ထမင်းကြမ်းခဲတို့ကို နှိုက်စားလေသည်။

အာဟာရ ဖြည့်တင်းသည့်နောက် ဆရာကြီး ဦးကျော်အောင်စံ ထားသည် နေ့လယ်လောက်က သွေးထားသော ကလောင်ကိုယူ၍ တစ်နိုင်ငံလုံးအတွက် စံပြဖြစ်စေမည့် 'လုံးချင်း'ကို ရေးလေသည်။

သူ၏ ကလောင်အောက်မှ စာရွက်တို့သည် ပလူပျံသကဲ့သို့ ထွက်လာလေသည်။ သူသည် ထွက်လာသမျှသော စာရွက်တို့ကို တစ်ရွက်ပြီးတစ်ရွက် စီစဉ်ရန်မျှပင် အချိန်မရပါ။ စိတ်ကူးတို့သည် မိုးသို့ပျံစဉ် ကလောင်က အမှီလိုက်ရလေရာ စက္ကူတို့ဖြန့်ကျဲနေသည် ကို လိုက်၍မကောက်အားပါ။ ညချင်းပေါက် ရေးရမည်ဖြစ်သော ကြောင့် အချိန်မဖြုန်းနိုင်ရှာ။ သန်းခေါင်ကျော်ချိန် ရောက်သော် သူ၏

mgyoe.com